သုတေသနနှင့်လေ့လာရေးဌာန
ဝေဖန်သုံးသပ်ချက် အမှတ်စဉ် (၉/၂၀၁၀)

# (တစည) နဲ့ ကြံ့ဖွံ့ပါတီ
(၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်)

(တစည) နဲ့ ကြံ့ဖွံ့ပါတီ ဟာ စစ်အုပ်စုက မွေးထုတ်လိုက်တဲ့ တအူထုံ့ဆင်းညီအစ်ကိုအရင်းတွေပဲ။
ဒါပေမယ့် သူတို့မွေးပုံမွေးနည်းမှာ တူညီတဲ့ဘက်လည်းရှိသလို မတူညီတဲ့ဘက်တွေလည်းရှိတယ်။

(တစည)
၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီလူထုအုံကြွမှုနဲ့ဖြိုချခြင်းခံလိုက်ရတဲ့ (မဆလ)ရဲ့ အမွေခံဖြစ်တယ်။
ရှစ်လေးလုံးလူထုအုံကြွမှုနဲ့ဖြိုချခံရတယ်ဆိုတဲ့ အချက်ကို မျက်ကွယ်ပြုရှောင်လွှဲလိုတဲ့ မဆလရဲ့ သဘောတရားရေးဆရာကြီး က တော့ "သူ့ဘာသာ သူအသက်အောင့်ပြီးသေလိုက်တာဗျ" လို့ အရှက်ကင်းမဲ့စွာပြောဆိုနေပါတယ်။
ဒ့ါအပြင် (တစည) ပါတီဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကိုမယှဉ်နိုင်ဘဲ ရှုံးနိမ့်ခဲ့ရသူဖြစ်တယ်။

ကြံ့ဖွံ့ပါတီ
(တစည)နဲ့မတူဘူး။
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ၁၉၉၀ ပြည့်ရွေးကောက်ပွဲမှာ လူထုကရွေးချယ်ခဲ့ကြတဲ့ နိုင်ငံရေးပါတီတွေရဲ့နိုင်ငံရေး လှုပ်ရှားမှုတွေကို တန်ပြန်ဖို့၊ လူထုကို ဒီချုပ်က ဦးဆောင်တဲ့နိုင်ငံရေးလှုပ်ရှားမှုတွေထဲကနေခွဲထုတ်နိုင်ဖို့ "အသင်း" ဆိုပြီး (နဝတ) စစ်အုပ်စု က (၁၉၉၃)ခုနှစ်မှာ မွေးထုတ်ဖန်တီးခဲ့တာဖြစ်တယ်။
ကြံ့ဖွံ့အသင်းက "အမျိုးသားနိုင်ငံရေးလုပ်တယ်" ဆိုပြီး စစ်တပ်/ ဝန်ထမ်း/ ကျောင်းသား/ လယ်သမား နဲ့အလုပ်သမားများကို ခြိမ်းခြောက်ခြင်း/ချော့မြှူခြင်း စတဲ့ နည်းမျိုးစုံနဲ့စည်းရုံးထားခဲ့တယ်။
ပြီးတော့ ဒီအသင်းရဲ့ နာယကဆိုသူတွေနဲ့ ဦးဆောင်သူတွေဟာ (နအဖ) စစ်ကောင်စီနဲ့ စစ်အစိုးရအတွင်းမှာ တာဝန်ထမ်း ဆောင်နေဆဲ စစ်ဗိုလ်တွေနဲ့ဝန်ကြီးတွေဖြစ်ပါတယ်။ ညီလာခံထောက်ခံရေးနဲ့ ဒီချုပ်ဆန့်ကျင်ရေး "လူထုစုဝေးပွဲ" ဆိုတာတွေကို တိုင်းနဲ့ပြည် နယ်က ဘောလုံးကွင်းတွေမှာ လူထုကိုပေါ်တာဆွဲပြီးကျင်းပခဲ့ကြတယ်။
နိုင်ငံရေးလှုပ်ရှားမှုများ နဲ့ နိုင်ငံရေးလှုပ်ရှားသူများကို စစ်အစိုးရက ဦးစီးပြီး ဖိနှိပ်ဖမ်းဆီးရာမှာ ဒီအသင်းထဲက အသင်းဝင်တွေ တက်တက်ကြွကြွပါဝင်ခဲ့ကြတယ်။ အဲဒီအထဲက ရထားပို့ဆောင်ရေးဝန်ကြီး/ ကြံ့ဖွံ့ ခေါင်းဆောင် ဦးဝင်းစိန်က စစ်ကိုင်းတိုင်း၊ ကသာ ခရိုင် ထဲကကျေးရွာတစ်ရွာမှာကျင်းပတဲ့ ကြံ့ဖွံ့အစည်းအဝေးတစ်ခုမှာ "ဒေါ်စုကြည်ကိုရှင်းလင်းသုတ်သင်ပစ်ရမည်ဖြစ်ကြောင်း" ပြောဆိုခဲ့ဖူးတယ်။
ကြံ့ဖွံ့များရဲ့ထင်ရှားတဲ့အကြမ်းဖက် လုပ်ရပ်များကတော့ (၂၀၀၃) ခုနှစ်ဒီပဲယင်းအကြမ်းဖက်မှုနဲ့ (၂၀၀၇) ခုနှစ်၊ စက်တင်ဘာ သံဃာအရေးအခင်းတို့ပဲဖြစ်ပါတယ်။
အခုကြံ့ဖွံ့သင်းက ၂၀၁၀ ဇွန်လ ၈ ရက်နေ့မှာ မှတ်ပုံတင်အမှတ် (၃၂) ဖြင့် နိုင်ငံရေးပါတီတစ်ရပ်ဖြစ်လာခဲ့ပါပြီ။
ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကို ဖျက်သိမ်းခွင့်တင်ထားခဲ့တာ ဇူလိုင်လ ၆ ရက်နေ့က ဖျက်သိမ်းခွင့်ကျလို့ ဖျက်သိမ်းနေပြီဆိုတဲ့ သတင်း လည်းထွက်ပေါ်လာနေပါတယ်။
အရင်းခံတူညီချက်ကို ပြောရရင် (တစည) နဲ့ ကြံ့ဖွံ့ပါတီတို့ဟာ စစ်အုပ်စုကမွေးထုတ်လိုက်တာဖြစ်ပြီး တိုင်းပြည်ပိုင်ပစ္စည်းတွေကို မောင်ပိုင်စီးပြီး ကိုယ့်ပါတီအကျိုးအတွက်အသုံးချခဲ့ကြတာ/ အသုံးချနေကြတာပဲဖြစ်တယ်။
တိုင်းပြည်ပိုင်ပစ္စည်းဆိုရာမှာ ဘဏ္ဍာငွေကြေး အပါအဝင် ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းရော/ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းရော / အသင်း ပါဆိုပြီး လူထုကို လိမ်ညာသိမ်းသွင်းထားခဲ့တာတွေ အားလုံး ပါဝင်ပါတယ်။
ယခုအခါမှာ ပထမဦးဆုံးအကြိမ်အဖြစ် (တစည) ပါတီ တာဝန်ရှိသူတစ်ဦးက ကြံ့ဖွံ့ပါတီနဲ့ပတ်သက်ပြီး "လက်ရှိတာဝန်တွေယူ ပြီးတော့ နိုင်ငံရဲ့အခွင့်အရေးတွေ၊ နိုင်ငံရဲ့သွားလာလှုပ်ရှားခွင့်တွေ၊ နိုင်ငံရဲ့ ယန္တရားတွေ၊ နိုင်ငံ့ ဟယ်လီကော်ပတာ၊ နိုင်ငံ့လေယာဉ်ပျံ၊ နိုင်ငံ့ ခရီးစရိတ်တွေ ယူပြီးတော့ လုပ်နေရင်တော့၊ ကိုယ့်အတွက် ကိုယ်စည်းရုံးတာ နိုင်ငံတော်စရိတ်နဲ့ စည်းရုံးတယ်လို့တော့မဖြစ်သင့်ဘူး" လို့ စတင်ဝေဖန်လိုက်ပါတယ်။
ရွေးကောက်ပွဲမှာ တရားမျှတမှုရှိဖို့မျှော်မှန်းကာ ရွေးကောက်ပွဲမစခင်ကတည်းကမညီမျှ/မမျှတမှုတွေနဲ့ပတ်သက်ပြီး "အပြေးပြိုင် တယ်ဆိုတာက တယောက်က တောင်ပေါ်ကို ပြေးရတယ်၊ တယောက်က မြေပြန့်ပြေးရလို့ ဘယ်ရမတုန်း" လို့ဝေဖန်နေပါတယ်။
မဲပေးတဲ့နည်းစနစ် (Voting Procedure)သာ တိကျမှန်ကန်ပါစေ ကျနော်တို့ဘယ်သူ့မှမကြောက်ဘူးလို့ စိန်ခေါ်သွားပါသေးတယ်။

ကျနော်တို့ကတော (နအဖ) စစ်အုပ်စု စစ်ကြိုက်ဖန်တီးထားတဲ့ စည်းဝိုင်းထဲကလှုပ်ရှားမှုတွေကို လေ့လာစောင့်ကြည့်လျက်ပါ။

(တစည) ပါတီတာဝန်ရှိသူကတော့ "အစိုးရဆီကရတဲ့ ရန်ပုံငွေ မှန်သမျှကိုအကုန်ပြန်အပ်တယ်။ ပြန်အပ်ပြီးတော့ ပါတီဝင်တွေ ဆီက ကောက်ခံတဲ့ ငွေတွေနဲ့ပဲ ယနေ့အထိ ရပ်တည်လာတာ" လို့ ထုတ်ပြောနေပါတယ်။

ဘယ်တုန်းကဘယ်လိုပြန်အပ်ခဲ့တယ်ဆိုတာ တိတ်တဆိတ်ကျိတ်ပြီးအပ်လိုက်တာမျိုးမဟုတ်ပဲ တိုင်းပြည်နဲ့လူထုကအဖြစ်မှန်တိုင်း သိရှိရအောင် ထုတ်ပြန်ပေးဖို့လိုပါတယ်။

ဖျက်သိမ်းခွင့်ကျလာလို့ဖျက်သိမ်းနေပြီဆိုတဲ့ ကြံ့ဖွံ့အသင်းကလည်း တိုင်းပြည်ပိုင်ပစ္စည်းတွေနဲ့ပတ်သက်ပြီး တိုင်းပြည်နဲ့လူထု က အဖြစ်မှန်အတိုင်းသိရှိနိုင်ရန် ရှင်းရှင်းလင်းလင်းထုတ်ပြန်ပေးဖို့လိုအပ်ပါတယ်။

ဒီကိစ္စတွေကို မှတ်ပုံတင်ပါတီတွေကလည်း  သိရှိလိုမှာဖြစ်ပါတယ်။

မှတ်ပုံတင်ပါတီအချို့ကတော့ ဒီလိုမတရား မမျှတမှုတွေကို ဝေဖန်ထောက်ပြနေသော်လည်း တချို့ပါတီတွေကတော့အမြီးစားဖက် ခေါင်းစားဖက်ဖြစ်နေလို့လား/ ကိုယ့်ရှူးကိုယ်ပတ်ဖြစ်မှာစိုးရိမ်လို့လား မသိပါ။ ဘာမှုပြောသံမကြားရပါ။

စည်းဝိုင်းထဲက မတရားမှု/မမျှတမှုတွေကို စည်းဝိုင်းထဲကလူတွေ၊ ပါတီအဖွဲ့အစည်းတွေကပြောကြတာပိုပြီးသဘာဝကျလိမ့်မယ်လို့ ကျနော်တို့ယူဆပါတယ်။